# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
### အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ

စာအမှတ်၊ ၄၃၁၉( ၂၅၇၀ )/ ၀၄-၀၃/ ဦး ၄
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ  ရက်

သို့

သတင်းပို့အဖွဲ့အစည်းများအားလုံး

အကြောင်းအရာ။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၃၇၀/၂၀၁၇ အရ ထုတ်ပြန်ထားသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ငွေကြေးများ၊ ပစ္စည်းများနှင့် ရန်ပုံငွေများအား ထိန်းချုပ်တားမြစ်ရန်ကိစ္စ

ရည် ညွှန်း ချက် ။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၂၂-၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၂၆၄၅ (၁)/ ၁၀-၁-၃ (က)/ ဦး ၄

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၂၇၀ /၂၀၁၆ နှင့် ဆက်စပ်ဆုံးဖြတ်ချက်များအရ ထုတ်ပြန်ထားသော လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ ငွေကြေးများ၊ ပစ္စည်းများနှင့် ရန်ပုံငွေများအား ထိန်းချုပ်တားမြစ်မိန့်အား ရည်ညွှန်းပါအမိန့်ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ ၅-၈-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၃၇၁/ ၂၀၁၇ ပါ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်ထားသော သို့မဟုတ် ဆက်နွယ်သော ငွေကြေးများနှင့်ပစ္စည်းများကို ကြိုတင်သတိပေးခြင်းနှင့် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ သိမ်းဆည်းရန် ညွှန်ကြားလိုက်သည်။

၃။ သို့ဖြစ်ပါ၍ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၂၃၇၀/ ၂၀၁၇ ပါ လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်ထားသော သို့မဟုတ် ဆက်နွယ်သောငွေကြေးနှင့်ပစ္စည်းများကို တွေ့ရှိပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြရန် အကြောင်းကြားသည်။

ပူးတွဲပါ။ (    )ရွက်

ဥက္ကဋ္ဌ

(ရဲမှူးချုပ်ကျော်ဝင်းသိန်း)

မိတ္တူကို

- ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးနိုင်ပါရန်နှင့် အင်တာနက်စာမျက်နှာများတွင် ထည့်သွင်းဖော်ပြပေးနိုင်ပါရန်)၊
- မျှော/ လက်ခံ